## Monywa People Defence Force (MPDF)

# မုံရွာမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့

## တိုက်တွန်းနှိုးဆော်ချက်

အောက်တိုဘာလ(၁၄) ရက်၊ ၂၀၂၁ ခုနှစ်

ယခုအချိန်ကာလသည် စစ်ကောင်စီအား တွန်းလှန်တိုက်ပွဲဝင်နေသော လက်နက်ကိုင်တော်လှန်ရေး ၏ အရှိန်အဟုန်အမြင့်မားဆုံး အချိန်ကာလ ဖြစ်ပါသည်။ မုံရွာမြို့နယ်အတွင်း စစ်ကောင်စီ လုံးဝအုပ်ချုပ်ခွင့် မရစေရေး နှင့် စစ်ကောင်စီအား ကျားကန်ပေးနေသည့် ဒေါက်တိုင်များ အလုံးစုံပြိုကျ ပျက်စီးရေးကို ဦးတည်၍ ကျွန်ုပ်တို့ မုံရွာမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (MPDF) နှင့် မြေအောက် တော်လှန်ရေး အစုအဖွဲ့များသည် မြို့ပြပျောက်ကြားလှုပ်ရှားမှုများ၊ စစ်ကောင်စီ၏ ဒေါက်တိုင်များအား ဖောက်ခွဲဖျက်စီးမှုများ လုပ်ဆောင်နေကြသည်ကို မုံရွာမြို့နယ်အတွင်းရှိ ပြည်သူလူထုအနေဖြင့် သိရှိပြီး ဖြစ်သည်။

အဆိုပါ လှုပ်ရှားဆောင်ရွက်မှုများကို အကြမ်းဖက်စစ်ကောင်စီမှလည်း အကြမ်းဖက်လုပ်ရပ်များဟု ထင်မှားမှတ်ယူစေရန် အလားတူဖောက်ခွဲမှုများနှင့် ပုံဖျက်၍ ပြည်သူလူထုထိခိုက်အောင် တန်ပြန် လုပ်ဆောင်ခြင်းများလည်း ရှိလာခဲ့သည်။ ပြည်သူ့ဘက်တော်သား တော်လှန်ရေးအစုအဖွဲ့များ နှင့် ပြည်သူလူထုကို တဖက်လှည့်နှင့် သွေးခွဲလုပ်ဆောင်သော အောက်တန်းကျသည့် လုပ်ရပ်များဟု ကျွန်ုပ်တို့ မှတ်ယူသည်။

တော်လှန်ရေး ရဲဘော်များ၊ အစုအဖွဲ့များ အနေဖြင့်လည်း မိမိတို့၏ လုပ်ဆောင်မှုများသည် အပြစ်မဲ့ ပြည်သူလူထုအား လုံးဝ (လုံးဝ) မထိခိုက်စေရေး အထူးဂရုပြု လှုပ်ရှားကြရန် နှင့် ပြည်သူများ အနေဖြင့် စစ်ကောင်စီနှင့် ပူးပေါင်းခြင်းများ အလျဉ်းမပြုလုပ်ဘဲ ရှောင်ကျဉ်ပေးကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

**“စစ်အာဏာရှင်စနစ်ဆိုးသည် ကျွန်ုပ်တို့မျိုးဆက်တွင်သာ အဆုံးသတ်ဖြစ်စေရမည်။”**

မုံရွာမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (MPDF)

ဆက်သွယ်ရန် - info.monywapdf@protonmail.com